The Arakan International

# နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

## ထောမာ့စ်ဂျက်ဖါဆိန်

## (Thomas Jefferson)

ထောမာ့စ်ဂျက်ဖာဆိန်ကို ၁၇၄၃ ခု အေပရယ်လ ၁၃ ရက်နိတွင် အမေရိကန်ပြည်ထောင်စု၊ ဗာဂျီးနီးယားပြည်နယ်၊ ဂုတ်ချ်လန်းခရိုင် (ကောင်တီ) တွင်မွီးဖွါးသည်။ ၁၇၅၇ ခုနှစ်တွင် သူ၏ဖခင်သီဆုံးလားရာ ဂျက်ဖာဆိန် အနီဖြင့် မြေက ၃၀၀၀ ခန့်ကို အမွီအဖြစ်ရဟိလိုက်လီသည်။ နိုင်ငံ၏ရာဇဝင်ထဲ၌ ဉာဏ်ရည်ဉာဏ်သွီးအကောင်းဆုံး၊ ထက်မြက်ထူးချွန်သူ အမေရိကန်များထဲတွင် တစ်ယောက်အပါအဝင်ဖြစ်သည့် ဂျက်ဖာဆိန်သည် အရပ်ရှည်ရှည်၊ မျက်နှာတွင်ဝက်ခြံဖုများနှင့်ဖြစ်သည်။ ၁၇၆၂ခုနှစ်၊ သူ၏အသက် ၁၉ နှစ်အရွယ်တွင် ဝီလီယံနှင့်မေရီကောလိပ် (College of William and Mary) မှ ဘွဲ့ရသည်။ ဂျက်ဖာဆိန်သည် သူ့အသက် ၃၀ မပြည့်ခင်မှာပင် ဥပဒေ၊ သင်္ချာ၊ ရူပဗေဒ၊ ဒဿနိကဗေဒ၊ သိပ္ပံပညာရပ်များနှင့်အတူ ဘာသာစကားပေါင်း ၆ မျိုးခန့်ကို လေ့လာဆည်းပူးထားပြီးဖြစ်လေသည်။

သူသည်မိမိဖာသာသင်ကြားတတ်မြောက်ထားသည့် ဗိသုကာပညာရပ်ကို အခြီခံလျှက် ကမ္ဘာပေါ်တွင်အလှပဆုံး၊ အခန့်ငြားဆုံး ဆိုရမည်ဖြစ်သည့် အိမ်ကြီးရခိုင်များစွာကိုလည်း တည်ဆောက်ခလီသည်။ ဆန်းသစ်တီထွင်မှုများကိုလည်းပြုလုပ်တတ်သည့် ဂျက်ဖာဆိန်သည် အမေရိကန်ပြည်ထောင်စု၏ငွီကြီးစံနစ် (American system of money) ကို တီထွင်တည်ထောင်ခလီသည်။

သူ၏အသက်၂၆နှစ်ခန့်အရွယ်တွင် ဂျက်ဖာဆိန်သည် ဗာဂျီးနီးယားပြည်နယ်တရားရုံး၏ တရားရေးဝန်အဖြစ် ရွီးချယ်တင်မြှောက်ခြင်းခံရပြီး ယင်းအချိန်က ဂရိတ်ဗြိတိန်နှင့် ကိုလိုနီနယ်များကြားတွင် ကြီးထွါးလာနိန်သည့် ပြဿနာရပ်များအတွက် စာတမ်းပေါင်းများစွာ၊ တရားဥပဒေ အဆိုတင်သွင်းချက်များစွာရို့ကို ရီးသားခလီသည်။ သူ၏ဗြိတိသျှဆန့်ကျင်ရေးဝါဒသည် အလွန်ပြင်းထန်လာခရာ ဗြိတိသျှရို့က ဂျက်ဖာဆိန်ကို သစ္စာဖေါက်စာရင်းထဲတွင်ထည့်သွင်းလျှက် ဖမ်းဆီးရန်အလိုဟိသည့် ပုဂ္ဂိုလ်များထဲ၌ ထည့်သွင်းထားခြင်းခံခရလီသည်။

၁၇၇၂ ခုနှစ်တွင် မဆမ (မုဆိုးမ) တစ်ယောက်ဖြစ်သည့် မာသာဝေလီစကယ်လီထန် (Martha Wayles Skelton) နှင့် လက်ထပ်ဖြစ်ကာ သူရို့၏အိမ်ထောင်သက် ၁၀ နှစ်ခန့်အတွင်းတွင် သားသမီး ၆ ယောက်ခန့်မွီးဖွါးခကတ်လီသည်။ ထိုနောက်တွင် ကွန်ဂရက်လွှတ်တော်အမတ်တစ်ယောက်ဖြစ်လာပြီး ၁၇၇၆ခုနှစ်၊ ဂျက်ဖာဆိန်အသက် ၃၃နှစ်အရွယ်တွင် အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်ရေးကြေငြာစာတမ်းကို ရီးဆွဲရန်အတွက် ဂျက်ဖာဆိန်အပါအဝင် ပုဂ္ဂိုလ်၅ဦးပါဝင်သည့် လွတ်လပ်ရေးကြေငြာစာတမ်းရီးဆွဲရေးအဖွဲ့တွင် တာဝန်ပီးအပ်ခြင်းခံရပြီး ကျန်အဖွဲ့ဝင် ၄ ဦးရို့သည် ဥပဒေရေးရာများကိုကျွမ်းကျင်ရုံမက၊ စာအရီးလည်းအလွန်တော်သည့် ဂျက်ဖာဆိန်လက်သို့ တာဝန်ကို တဆတ်ဆတ်နှင့် လွှဲပြောင်းပီးလားကတ်လီသည်။ သို့ဖြင့်ထိုတာဝန်ကိုကျိုပွန်အောင်ထမ်းဆောင်သည့် ထောမာ့စ်ဂျက်ဖာဆိန်သည် အမေရိကန်လွတ်လပ်ရေးကြေငြာစာတမ်း (Declaration of Independence) ကို ရီးသားခသူအဖြစ် နာမည်ကြီးထင်ရှားလာလီသည်။

ထိုနောက် ၁၇၈၅ ခုမှ ၁၇၈၉ ခုနှစ်များအတွင်းတွင် ပြင်သစ်နိုင်ငံဆိုင်ရာ အမေရိကန်အတွင်းဝန်အဖြစ် ဘိန်ဂျမိန်ဖရန်ကလိန်ကို တာဝန်ဆက်ခံသည်။ အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြီခံဥပဒေကို ရီးဆွဲပြီးနောက် နိုင်ငံ၏ပထမဦးဆုံးသမ္မတအဖြစ် ဂျော့ချ်ဝါသျှိန်တန်ဖြစ်လာချိန် (၁၇၉၀–၉၃ နှစ်များအတွင်း) ၌ ဂျက်ဖာဆိန်အားနိုင်ငံခြားရေးဝန်ကြီးအဖြစ် ရွီးချယ်တင်မြှောက်ခြင်း ခံခရလီသည်။

ယင်းသို့နိုင်ငံခြားရေးဝန်ကြီးတာဝန်ထမ်းဆောင်နီချိန်အတွင်းတွင် အစိုးရအဖွဲ့ထဲ၌ ပြည်ထောင်စုဆိုင်ရာကိစ္စများနှင့်စပ်လျှဉ်း၍ ဂျက်ဖာဆိန်နှင့် အလက်ဇန္ဒားဟာမီလ်တန်ရို့ကြားတွင် သဖေါမတူမှုများ မကြာမတင်ပေါ်ပေါက်ခလီသည်။ ဟာမီလ်တန်က ပြည်ထောင်စုဗဟိုအစိုးရ၏ အင်အားဖြင့် ချုပ်ကိုင်လိုစိတ်အားသန်ပြီး ဂျက်ဖာဆိန်က ပြည်နယ်များအား ဒေသဆိုင်ရာအုပ်ချုပ်မှုအခွင့်အရေးများ ပိုမိုပီးလိုသည့်ဖက်သို့အားသန်သည်။ အဆိုပါအယူအဆနှစ်ရပ်အပေါ်အခြီခံလျှက်ပင် ဖယ်ဒရယ်လိစ်ပါတီ (Federalist Party) နှင့်ဒီမိုခရက်ထိခ်ရီဖါဗလီကိန်ပါတီ (Democratic & Republican Party) ဟူ၍ ပါတီကြီးနှစ်ရပ်ပေါ်ပေါက်လာရာ ဒီမိုခရက်ထိခ်ရီဖါဗလီကိန်ပါတီကို ဂျက်ဖာဆိန် နှင့် ဂျိမ်းစ်မေဒီဆိန် ရို့က ဦးဆောင်ဖွဲ့စည်းခကတ်သည်။ ဂျော့ချ်ဝါသျှိန်တန်အနီဖြင့် နိုင်ငံခြားရေးဆိုင်ရာမူဝါဒများချမှတ်ရာ၌ ဟာမီလ်တန်၏ အကြံဉာဏ်ရယူမှုများကို တိုးမြှင့်လုပ်ဆောင်လာခြင်းကြောင့် ၁၇၉၃ ခုနှစ်တွင် ဂျက်ဖာဆိန်သည် နိုင်ငံခြားရေးဝန်ကြီးရာထူးမှ နှုတ်ထွက်ပစ်လိုက်လီသည်။

သို့ဖြင့် ၁၇၉၆ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဂျက်ဖာဆင်သည် သူတည်ထောင်သည့်ပါတီ၏ သမ္မတလောင်းအဖြစ်ဝင်ရောက်အရွေးခံရာ ဖယ်ဒရယ်လစ်ပါတီသမ္မတလောင်း ဂျွန်အဒမ်အပေါ် ပြည်သူ့လွှတ်တော် မဲ ၃ မဲ ဖြင့်ကပ်ရှုံးသည်။ သို့သော်ထိုအချိန်က နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပါတီနှင့်သမ္မတ၊ ဒုသမ္မတရာထူးဆိုင်ရာများ၌ တိကျသောပြဋ္ဌာန်းသတ်မှတ်မှုများ မဟုတ်သိသည့်အချိန်ဖြစ်ရာ ရွေးကောက်တင်မြှောက်ခံသမ္မတ၏ အတိုက်အခံ ဆန့်ကျင်ဖက်ပါတီမှဖြစ်သော်လည်း ဂျက်ဖာဆင်သည် ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခွင့် ရဟိခလီသည်။

သက္ကရာဇ် ၁၈၀၀ ပြည့် သမ္မတရွေးကောက်ပွဲတွင်မူ ဖယ်ဒရယ်လစ်များကြီးစိုးထားသည့် နိုင်ငံလွှတ်တော်အပေါ်အနိုင်ရကာ အမေရိကန်ပြည်ထောင်စု၏ တတိယမြောက်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရပြီး သူ၏ပြိုင်ဖက် အရွန်ဘား (Aaron Burr) မှ ဒုသမ္မတ တာဝန်ကို ထမ်းဆောင်လီသည်။ မှတ်မှတ်ရရပင် ထောမဲ့စ်ဂျက်ဖာဆင်သည် ဝါရှိန်တန်ဒီစီ ဟိ သမ္မတရုံးတော်တွင် ပထမဦးဆုံးကျမ်းသစ္စာကျိန်ဆိုခသည့် အမေရိကန်သမ္မတဖြစ်ပါသည်။ ထိုနောက် ၁၈၀၄ ခုနှစ်တွင် ဒုတိယသမ္မတသက်တမ်းအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရပြန်သည်။ သမ္မတဂျက်ဖာဆင်လက်ထက်၌ အအောင်မြင်ဆုံးမှတ်တမ်းမှာ လူဝီစီယားနားပြည်နယ်အား ပြင်သစ်ရှိ့ထံမှဝယ်ယူရဟိလိုက်ခြင်းပင်ဖြစ်လီသည်။ သူ၏ သံတမန်ရေးရာကျွမ်းကျင်မှုများကိုအသုံးချကာ ပြင်သစ်ရှိ့ထံမှ သမ္မတထောမဲ့စ်ဂျက်ဖာဆင် ဝယ်ယူခသည့် လူဝီစီယားနားနယ်မြေသည် မစ္စစီပီမြစ်မှသည် ရော့ကီးတောင်တန်းများအထိ ကျယ်ပြန့်လှသောနယ်မြေဖြစ်ပါသည်။ အဆိုပါနယ်မြေ၏နယ်နိမိတ်ထဲတွင် အေနီ့ခေတ်အမေရိကန်ပြည်နယ်များဖြစ်သည့် လူဝီစီယားနား၊ အာကန်ဆက်စ်၊ မီဇူရီ၊ အိုင်အိုဝါ၊ မိန်နေဆိုးထား၊ မြောက်ဒါကိုတာ၊ တောင်ဒါကိုတာ၊ နဘရားစကား၊ ခန်းဆက်စ်၊ အိုကလာဟိုးမား၊ တက္ကဆက်စ်၊ နယူးမက္ကဆီကို၊ ခေါ်လိုရာဒို၊ ဝိုင်ယိုးမိန်း နှင့် မွန်တားနားရှိ့အားလုံးအပါအဝင်ဖြစ်ပါသည်။ ၁၈၀၃ ခုနှစ်တွင် အဆိုပါနယ်မြေကြီးတစ်ခုလုံးကို အမေရိကန်ဒေါ်လာ ၁၅ သန်းဖြင့် ဝယ်ယူခြင်းဖြစ်ပြီးနယ်မြေတစ်ကေလျှင် ၃ ဆန့် စျေးနှုန်းဖြစ်ပါသည်။

တတိယမြောက် သမ္မတသက်တမ်းအတွက် အရွေးခံရန်ပါတီမှအဆိုတင်သွင်းမှုကိုမူ ဂျက်ဖာဆင်ငြင်းပါယ်လိုက်သည်။ *မည်သည့်လူပုဂ္ဂိုလ်မဆို နိုင်ငံသမ္မတအဖြစ် တတိယအကြိမ်မြောက်အထိ ရာထူးလက်ခံသင့်သည်ဟု သူ မယုံကြည်ပါချေ။* သမ္မတရာထူးမှအနားယူပြီးနောက် ဂျက်ဖာဆင်သည် ဗာဂျီးနီးယားတက္ကသိုလ်တည်ထောင်မှုတွင် အားတက်သရော ဦးဆောင်စီစဉ်ခလီသည်။ အလုပ်များစွာလုပ်သောဂျက်ဖာဆင်သည် တဆတ်ဆတ်တင်ဟိလာသည့် ကြွေးမြီများကိုမဆပ်နိုင်ဘဲ နောက်ဆုံးတွင်သူ၏စာကြည့်တိုက်အား အစိုးရသို့ရောင်းချလားခလီသည်။ (ဂျက်ဖာဆင် စာကြည့်တိုက်သည် နောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စုအစိုးရလွှတ်တော်၏ စာကြည့်တိုက်ဖြစ်လာပါသည်။ စကားချပ်။)

အမေရိကန်ပြည်ထောင်စု၏ တတိယမြောက်သမ္မတထောမဲ့စ်ဂျက်ဖာဆင်သည် သူကိုယ်တိုင်ရီးသားခသည့် လွတ်လပ်ရေးကြေငြာစာတမ်းထုတ်ပြန်ခြင်း နှစ် ၅၀ တင်းတင်းပြည့်မြောက်သည့် ၁၈၂၆ ခုနှစ်၊ ဂျူလိုင်လ ၄ ရက်နိတွင် (ဒုတိယသမ္မတဟောင်း ဂျွန်အဒမ်ဆုံးပါးသည့်ရက်နှင့်တစ်ရက်တည်း) ကွယ်လွန်အနိစ္စရောက်လားခလီသည်။ သူ၏သီတမ်းစာ၌ သူ၏အုတ်ဂူတွင်ရီးထွင်းရန် ရည်ညွှန်းသည့် သူ့ပုဂ္ဂိုလ်ရေးရာဖေါ်ပြမှုထဲ၌ *“အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်ရေးကြေငြာစာတမ်းကိုရွီးသားခသူ၊ ဗာဂျီးနီးယားပြည်နယ်တွင် ဘာသာရေးလွတ်လပ်ခွင့်အတွက် ပြယုဂ်ပုဂ္ဂိုလ်နှင့် ဗာဂျီးနီးယားတက္ကသိုလ်၏ဖခင်ကြီး”* ဟူ၍ဂုဏ်ယူစွာရည်ညွှန်းရွီးသားထားပြီး သက်တမ်းနှစ်ဆက်တိုင် သူထမ်းဆောင်ခသည့် အမေရိကန်ပြည်ထောင်စု၏သမ္မတအဖြစ်ကို တစ်လုံးတစ်ပါဒမှဖေါ်ပြထားခြင်းမဟိပါချေ။ ။




**ကျေးဇူးတင်ပါသည်။ အားလုံး ကျန်းမာ ချမ်းသာ ဟိကတ်ပါစီ။ ။**